နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

နိုင်ငံရေးပင်စင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၉၄)

ရန်ကုန်မြို့၊ ၁၃၅၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ရက်

(၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

ဝန်ထမ်းများ ကွယ်လွန်သည့်အခါ ကျန်ရစ်သူမိသားစု၏ စားဝတ်နေရေးကို အထောက်အကူဖြစ်စေရန်အလို့ငှာ ဝန်ထမ်းများ၏ မိသားစုပင်စင်ခံစားခွင့်ကို ကွယ်လွန်သူ ဝန်ထမ်းရရှိသည့်ပင်စင်လစာ၏ ထက်ဝက်အစား လေးပုံသုံးပုံသို့ တိုးမြှင့်ခံစား ခွင့်ပြုခဲ့ပြီး ဖြစ်သည်နှင့်အညီ နိုင်ငံရေးပင်စင် ခံစားခွင့်ရှိသော ပုဂ္ဂိုလ် ကွယ်လွန်သည့်အခါ ထိုသူ၏ဇနီး သို့မဟုတ် ခင်ပွန်း ခံစားခွင့်ရှိသည့် နိုင်ငံရေးလစဉ်ပင်စင်ကိုလည်း အလားတူ တိုးမြှင့်ခံစား ခွင့်ပြုရန် လိုအပ်သည့်အလျောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံရေးပင်စင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပင်စင် ဥပဒေပုဒ်မ ၁၆ တွင်ပါရှိသော "နိုင်ငံရေးလစဉ်ပင်စင်၏ ထက်ဝက်" ဆိုသည့် စကားရပ်ကို "နိုင်ငံရေးလစဉ်ပင်စင်၏ လေးပုံသုံးပုံ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့